## မူရင်းစာရေးသူ၏ အမှာ

စီးပွားရေးနယ်ပယ်၌ အဖြစ်အပျက်တိုင်းသည် တစ်ကြိမ်သာ ဖြစ်ပျက်လေ့ရှိသည်။ ဘီလ်ဂိတ်ကဲ့သို့ နောက်လူတစ်ဦးသည် ကွန်ပျူတာဆော့ဝဲလ်စနစ် တစ်ခုကို တည်ဆောက်နိုင်တော့မည်မဟုတ်သလို ဒုတိယလာရီပေ့ဇ် (သို့ မဟုတ်) ဆာဂေးဘရင် နောက်တစ်ဦးသည် ဂူးဂဲလ်ကဲ့သို့ ရှာဖွေရေးအင်ဂျင်ကြီးတစ်ခုကို ထပ်မံပြုလုပ်နိုင်တော့မည် မဟုတ်ပေ။ ဒုတိယ မာ့က်ဇူကာဘတ်သည် Facebook ကဲ့သို့ လူမှုကွန်ရက်တစ်ခုကို မည်သည့်အခါမျှ ဖန်တီးနိုင်လိမ့်မည်မဟုတ်ပေ။ အကယ်၍ သင့်အနေဖြင့် အထက်ပါ ပုဂ္ဂိုလ်များ၏ နည်းနိသသယများအတိုင်း အတုယူ ကူးချနေသည် ဆိုလျှင် ၎င်းတို့ထံမှ မည်သည့်အရာမျှ မသင်ယူနိုင်ခဲ့ဟု ဆိုရပေမည်။

တစ်စုံတစ်ခုကို အသစ်ဖန်တီးရသည်ထက် အလုပ်ဖြစ်ပြီးသား ပုံစံတစ်ခုကို ကူးချရသည်မှာ ပိုမိုလွယ်ကူလှပေသည်။ လုပ်နည်းသိပြီးသား အရာများကို ထပ်ဖန်တလဲလဲ ပြုလုပ်သည့်အခါ ကမ္ဘာကြီးတွင် ၁ မှ သုည ကဲ့သို့ ဆင်တူဖြစ်ရပ်များသာ ထပ်မံ ဖြစ်ပေါ်လာပေမည်။ သို့သော် မရှိသေးသော အရာတစ်ခုကို ဖန်တီးလိုက်သည့်အခါ ၀ မှ ၁ သို့ (ဗလာနတ္ထိမှ တည်ရှိခြင်း အဖြစ်သို့) ပြောင်းလဲတိုးတက်သွားတော့သည်။ ကမ္ဘာဦးအစ ဖန်ဆင်းခြင်း အစိုက်အတန့်ကဲ့သို့ တီထွင်ဖန်တီးမှုတိုင်းသည် တစ်ကြိမ်သာ ဖြစ်ပျက်လေ့ရှိပြီး ထွက်ပေါ်လာသည့် ရလဒ်သစ်သည် ထူးခြားဆန်းသစ်မှုများနှင့် ပြည့်နှက်နေပေသည်။

တီထွင်မှုအသစ်များ ဖန်တီးခြင်းဆိုသည့် ခက်ခဲသောလုပ်ငန်းများအပေါ်၌ ရင်းနှီးမြှုပ်နှံမှု မပြုခဲ့လျှင် အမေရိကန်ကုမ္ပဏီများသည် ယနေ့မည်မျှပင် အကျိုးအမြတ် ရရှိနေသည်ဆိုသော်ငြား အနာဂတ်ကာလတွင် ကျရှုံးရပေလိမ့်မည်။ အခြေကျပြီးသား စီးပွားရေးပုံစံဟောင်းတစ်ခုကို မည်မျှကြိုးစားလုပ်ကိုင်သော်လည်း ရစရာအကျိုးအမြတ်များ ကုန်ဆုံးသွားလျှင် မည်သို့ရှိမည်နည်း။ မဖြစ်သေးသော်လည်း ရောက်လာမည့် အနာဂတ်မှာ ၂၀၀၈ စီးပွားရေးပျက်ကပ်ထက်ပင် ဆိုးရွားသွားနိုင်သည်။ ယနေ့ကမ္ဘာ၏ အကောင်းဆုံး လုပ်ထုံးလုပ်နည်း (အလုပ်ဖြစ်ခဲ့သော နည်းဟောင်းများ) ဆိုသည်မှာ ကျရှုံးခြင်းအဆုံးသတ်သို့ ဦးတည်နေပြီး စမ်းသပ်လျှောက်လှမ်းရခြင်း မရှိသေးသည့် လမ်းကြောင်းသစ်များမှာ သစ်လွင်မှုနှင့် မပြည်းစမ်းရမှုတို့ ပြည့်နှက်နေပေလိမ့်မည်။

ဗျူရိုကရေစီစနစ် ကြီးစိုးသော ယနေ့ကမ္ဘာကြီး၏ ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍနှစ်ရပ်စလုံး၌ လမ်းကြောင်းသစ် ရှာဖွေရသည်မှာ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းများ ဖြစ်ပျက်ရန် မျှော်လင့်နေရသည်နှင့် ဆင်တူပါသည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေး အောင်မြင်ဖို့ဆိုလျှင် အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်း ရာပေါင်းမက၊ ပြောရလျှင် ထောင်ပေါင်းမက လိုအပ်နေသည်။ ဤအချက်သည် စိတ်ဓာတ်ကျဖွယ် ကောင်းသော်လည်း အရေးကြီးသည့် အချက်တစ်ခုလည်း ဖြစ်သည်။ အကြောင်းမှာ အခြားသော သက်ရှိမျိုးစိတ်များနှင့် ကွဲပြားသည့် လူသား၏ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းများကို လုပ်ကိုင်နိုင်သည့် စွမ်းရည်ကြောင့် ဖြစ်သည်။ ထိုအံ့ဖွယ်ဘနန်းဖြစ်ရပ်များကို ကျွန်တော်တို့က နည်းပညာ (Technology) ဟု ခေါ်လေသည်။

နည်းပညာသည် အံ့အားသင့်ဖွယ် ကောင်းလှပါသည်။ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ ရင်းမြစ်အနည်းငယ်နှင့် ရလဒ်များများ ပေါ်ထွက်စေနိုင်သလို အခြေခံကျသော ကျွန်တော်တို့၏ စွမ်းရည်သတ္တိများကို အမြင့်တစ်နေရာထိ ဆွဲတင်ထိန်းညှိပေးနိုင်သောကြောင့်ဖြစ်သည်။ အခြားသတ္တဝါများမှာ ဆည်လေးများနှင့် ပျားလပို့လောက်သာ



တည်ဆောက်နေနိုင်ချိန်၌ လူသားမျိုးနွယ်ဖြစ်သည့် ကျွန်တော်တို့မှာ အသစ်အသစ်များကို တီထွင်ဖန်တီးနိုင်စွမ်းရှိပြီး ၎င်းတို့အား ပိုမိုကောင်းမွန်သော အရာများအဖြစ် ပြုပြင်နိုင်စွမ်းလည်း ရှိကြလေသည်။ လူသားဆိုသည်မှာ အိပ်ရာဝင်ပုံပြင်များမှ စကြဝဠာကို ပိုင်စိုးသော နတ်မင်းကြီးများ ချင့်ပြုသလောက်သာ တည်ဆောက်တတ်ကြသူများ မဟုတ်ပေ။ လူသားသည် နည်းပညာ အသစ်အဆန်းများကို အစဉ်တီထွင်ဆန်းသစ်ပြီး ကမ္ဘာကြီး၏အစီအမံများကို ပြန်လည်ပြင်ဆင် ရေးဆွဲတတ်သူများ ဖြစ်ကြလေသည်။ ထိုအရာများမှာ အမေရိကန်ပညာရေး၏ ဒုတိယတန်း ကလေးငယ်များကို ကျွန်တော်တို့ သင်ကြားပေးနေသော ယနေ့ကမ္ဘာနှင့် လူ့အဖွဲ့အစည်း အခြေခံအကြောင်း တရားများလည်း ဖြစ်သည်။ သို့သော် ဖြစ်ပြီးသမျှ ကိစ္စရပ်များသာ ထပ်ဖန်တလဲလဲ လုပ်ကိုင်နေကြသည့် ကမ္ဘာကြီးတွင်တော့ လူသား၏ အသစ်တီထွင် ဖန်တီးနိုင်စွမ်းကို မေ့လျော့ထားကြလေတော့သည်။

ဇီးရိုးတူဝမ်း ဆိုသည်မှာ တီထွင်ဖန်တီးမှု အသစ်များ ဖန်တီးပြုလုပ်မည့် ကုမ္ပဏီများကို မည်သို့ တည်ဆောက်ရယူကြမည် ဆိုသည့်သဘောပင် ဖြစ်သည်။ ယခုစာအုပ်တွင် PayPal နှင့် Palantir ၏ ပူးတွဲတည်ထောင်သူ အဖြစ်သာမက Facebook နှင့် SpaceX အပါအဝင် စွန့်ဦးတီထွင်လုပ်ငန်းရာပေါင်းများစွာကို ရင်းနှီးမြှုပ်နှံခဲ့သူ တစ်ဦးအနေဖြင့် လေ့လာသင်ယူခဲ့ရသမျှကို ပြန်လည်မျှဝေထားပါသည်။ လေ့လာတွေ့ရှိသမျှ အချက်အလက်များကို ယခုစာအုပ်တွင် ဖော်ပြသွားမည် ဖြစ်သော်လည်း အောင်မြင်မှုဖော်မြူလာကို သင်ကြားပေးနိုင်မည့် စာအုပ်မျိုး မဟုတ်သည်ကိုတော့ ဆိုထားရပေမည်။

စွန့်ဦးတီထွင်လုပ်ငန်းတစ်ခု၏ လုပ်နည်းလုပ်ဟန်များကို သင်ကြားရာ၌ ဝိရောဓိဆန် အငြင်းပွားရသည့်အချက်မှာ အောင်မြင်မှုသို့ တက်လှမ်းသွားနိုင်မည့် ဖော်မြူလာသည် 'မရှိ' ဆိုသောအချက်ပင် ဖြစ်သည်။ အကြောင်းမှာ တီထွင်ဖန်တီးမှုတိုင်းသည် အသစ်ဖြစ်ပြီး တစ်ကြိမ်သာ ဖြစ်ပျက်သောကြောင့် ဖြစ်သည်။ မည်သည့်အဖွဲ့အစည်းမျှ တီထွင်ဖန်တီးခြင်းဆိုသည့် ဝေါဟာရနှင့်ပတ်သက်၍ တိကျကျစ်လျစ်စွာ ဖော်ပြနိုင်သည် မဟုတ်ပေ။ ကျွန်တော် သတိပြုမိခဲ့သည့် စွမ်းအားအကောင်းဆုံး အချက်တစ်ချက်မှာ အောင်မြင်သူများသည် အောင်မြင်မှုများကို မထင်မှတ်ထားသည့် နေရာများမှ ရှာဖွေတွေ့ရှိကြသည်ဆိုသော အချက်ပင်ဖြစ်သည်။ အောင်မြင်မှုများကို ဖော်မြူလာပုံသေနည်းများဖြင့် တည်ဆောက်မည့်အစား စီးပွားရေး အခြေခံမှုများကို လက်တွေ့ကျကျ တွေးတောစဉ်းစားခြင်းဖြင့် တည်ဆောက်ယူရပေမည်။

ယခုစာအုပ်သည် ၂၀၁၂ ခုနှစ် စတန်ဖို့ဒ်တက္ကသိုလ်၌ စွန့်ဦးတီထွင်လုပ်ငန်းများနှင့်ပတ်သက်၍ ကျွန်တော် သင်ကြားခဲ့သည့် သင်ခန်းစာများမှ မြစ်ဖျားခံလာခြင်း ဖြစ်သည်။ ကောလိပ်ကျောင်းသားများမှာ အနည်းငယ်သော အထူးပြု ဘာသာရပ်များ၌ အလွန်အမင်း ထူးချွန်နေနိုင်ပါသည်။ သို့သော် အများစုမှာ သင်ကြားခဲ့သည့် အသိပညာ၊ အတတ်ပညာများဖြင့် အပြောကျယ်လှသည့် ကမ္ဘာကြီးတွင် မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကို မသိရှိကြသေးပေ။ သင်ခန်းစာများကို သင်ကြားပေးရသည့် ကျွန်တော်၏ မူလရည်မှန်းချက်မှာ ပညာရေး ကျွမ်းကျင်သူများ လမ်းကြောင်းပေးချမှတ်ခဲ့သည့် လျှောက်လမ်းများကို ကျော်လွန်၍ မကြာခင်ရောက်ရှိလာမည့် ၎င်းတို့၏ အနာဂတ်ကို ပိုမိုကျယ်ပြန့်စွာ ဖန်တီးပုံဖော်တတ်စေဖို့ ဖြစ်သည်။ ကျောင်း သားတစ်ဦးဖြစ်သည့် ဘလိမ်မာစတာသည် တက္ကသိုလ်သင်ရိုးပြင်ပ လက်တွေ့ဘဝမှလာသော အတန်းသင်ခန်းစာများကို အသေးစိတ် မှတ်သားခဲ့သည်။ သို့ဖြင့် ပိုမိုကျယ်ပြန့်သော ပရိသတ်များလက်ဝယ်သို့ ပို့ဆောင်နိုင်ရန် ဇီးရိုးတူဝမ်း စာအုပ်ကို သူနှင့်ကျွန်တော် ပူးပေါင်းကာ ပြန်လည်တည်းဖြတ်ခဲ့ကြသည်။ အကြောင်းမှာ အနာဂတ်ဟူသည် စတန်ဖိုဒ်၊ ကောလိပ်၊ သို့မဟုတ် ဆီလီကွန် တောင်ကြား၌သာ ရှိနေရမည့်အရာ မဟုတ်သောကြောင့် ဖြစ်ပေသည်။

■